# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

e-NEWSLETTER

VOL.4, N0.9

September 2025

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နှင့် International Non- Government Organization People's Economics Alignment For Common Equity- ingo PEACE. တို့ တွေ့ဆုံဆွေးနွေးခြင်း



သြဂုတ်လ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နှင့် International Non- Government Organization People's Economics Alignment For Common Equity- ingo PEACE. တို့ တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၃ ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room၌ပြုလုပ်ခဲ့ရာမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင်၊ဦးဝင်းလှိုင်၊ဦး(ခ)ကုန်ဇမှုန်း၊ဦးတင်ကိုကိုနှင့် အတွင်းရေးမှူး ဦးကျော်နိုင်တို့ တက်ရောက်ပြီး၊ ingo PEACE. မှ Founder Mr.Unten Eriya၊ Representative Director Mr. Khual Lian Kam၊ လူသားအရင်းအမြစ် တာဝန်ခံ ဒေါက်တာငွန်ဇံကျူး၊ ဥပဒေဆိုင်ရာအကြံပေး ဦးကောင်းသက်ထူးဇော်၊ အတွင်းရေးမှူး

စာ ၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၄



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ ပို့ချခြင်း

စာ ၆



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေး ရာဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခြင်း

စာ ၈



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်ဦးကျော်မြင့်မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ဘဲလင်း(၁)ကုန်ထုတ်စခန်း၊ ဘဲလင်း(၂)ကုန်ထုတ်စခန်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာနှင့် ကျောက်ဆည်မြို့မ ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၁



အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်အကြံပြု ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း

https://mnhrc.org.mm/publication/e-Newsletter

ဦးသိန်းတိုးဝင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွင်းရေးမှူး ဦးကိုကိုဦးတို့ ပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကော်မရှင်၏လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ingo–PEACE. Founder Mr. Unten Eriya နှင့် Representative Director Mr. Khual Lian Kam တို့က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ingo PEACE.အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး တွေ့ဆုံဆွေးနွေးမှုကို ၁၂:၄၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း



ဩဂုတ်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (င)၊ ၄၃ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀-၈-၂၀၂၅ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသော ဘိုးဘွားများအား အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ မရှိနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုကို အခြေခံ၍ စောင့်ရှောက်ထားခြင်း ရှိ မရှိ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဆေးရုံဆောင်၌ ဆေးရုံ တက်ရောက်ကုသမှု ခံယူနေသော အဘိုးအဘွားများနှင့် ဓမ္မာရုံတွင် ဝတ်ပြုကိုးကွယ်နေသူအဘိုးအဘွားများအားသွားရောက်တွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစား အစာနှင့် အာဟာရဖြည့်ဆည်း ကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေ၊ ပင်စင်ရ အဘိုး၊ အဘွားများအနေဖြင့် ပင်စင်လစာ ထုတ်ယူမှု အဆင်ပြေခြင်း ရှိ/ မရှိ အခြေအနေနှင့် အသက် (၈၅) နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့ပြင် ရိပ်သာတွင် ပြုစုစောင့်ရှောက်ထားသည့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှု မေးမြန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွား စုစုပေါင်း (၁၂၇) ဦးအား နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



ဩဂုတ်လ ၈ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၅) ကို ၈-၈-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီအလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင် အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက် ( Operational Plan – OP ) ပါ အကောင်အထည်ဖော်ဆောင်ရွက်မှု အထူးအစည်းအဝေးပြုလုပ်ခြင်း



ဩဂုတ်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ အထူးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေး ခန်းမတွင်ကျင်းပခဲ့ပါသည်။ အစည်းအဝေး အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနတာဝန်ခံများက ကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ ဆောင်ရွက်ရမည့်အချက်များမှ (၆) လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည်များကို ဌာနတစ်ခုချင်းအလိုက် တင်ပြဆွေးနွေးကြပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဘာသာရပ်ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကို ၁၅:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဩဂုတ်လ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ပုံမှန်အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၅)ကို ၂၆-၈-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ထောက်ပံ့ငွေအသုံးစရိတ်များတင်ပြတောင်းခံနိုင်ရေး အထူးအစည်းအဝေးကျင်းပပြုလုပ်ခြင်း

သြဂုတ်လ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ထောက်ပံ့ငွေ အသုံးစရိတ်များ တင်ပြတောင်းခံနိုင်ရေး အထူးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၆ ရက်နေ့၊ ၁၄:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီအလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကို၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေး ဌာနခွဲမှ အရာထမ်းများ တက်ရောက်ကြပါသည်။

အစည်းအဝေးအစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပါသည်။ထို့နောက်ကော်မရှင်ရုံး ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အလှည့်ကျကော်မတီဝင် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဌာန (၆) ခုမှ တင်ပြထားသည့် အမှန်တကယ်လိုအပ်သည့် ထောက်ပံ့ အသုံးစရိတ်တင်ပြတောင်းခံသွားမည့် ပစ္စည်းစာရင်းများ၊ အသုံးစရိတ်များအား ငွေစာရင်းခေါင်းစဉ်အလိုက် တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေစာရင်း ခေါင်းစဉ်အလိုက် ဌာနများမှဝယ်ယူရမည့် ပစ္စည်းများ၊ ငွေစာရင်း ခေါင်းစဉ်အလိုက် တင်ပြတောင်းခံ နိုင်ရေးလမ်းညွှန်မှုပြုခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ၁၆:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ

သြဂုတ်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်း လမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင် အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၈၊ ၁၂၉) တို့သို့ ၆-၈-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီ အချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊အပြည်ပြည်ဆိုင်ရာလူ့အခွင့် အရေးစာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာ ရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၂၈၊ ၁၂၉) တို့၌ စုစုပေါင်း သင်တန်းသားအရာရှိ ၁၈၁ ဦး တက်ရောက်ခဲ့ကြပါသည်။



## ၂၀၂၅ လုပ်ငန်းစီမံချက် (Operational Plan ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



ဩဂုတ်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ၂၀၂၆ လုပ်ငန်းစီမံချက် (Operational Plan) ရေးသားပြုစုနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေး ခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေး အစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာ စကားပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၅:၁၀ နာရီ အချိန်တွင်ရုပ်သိမ်းခဲ့ပါသည်။

---

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





ဩဂုတ်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ရည်မှန်းချက်များနှင့်အညီနှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည် ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဦးတင်ကိုကိုနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၂၇) သို့ ၂၀-၈-၂၀၂၅ ရက်နေ့ ၀၉:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပါရီအခြေခံမူများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏



လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် စသည့် ဘာသာရပ်သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၄ ဦး၊ စုစုပေါင်း သင်တန်းသားအရာရှိ ၄၆ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



ဇူလိုင်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်ကိုကိုတို့သည် လူငယ်ရေးရာနှင့် စပ်လျဉ်းသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်၊ အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် ၃၀-၇-၂၀၂၅ ရက်နေ့၊ ၁၂:၃၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကော်မရှင်က အဓိကဆောင်ရွက်လျက်ရှိသည့် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး လူငယ်ရေးရာကော်မတီမှ လူငယ်ရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ လူငယ်အသိပညာပေးဆိုင်ရာ သင်တန်းများနှင့် သုတေသနဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် ကော်မရှင်၏အကူအညီဖြင့် လူငယ်များအား လူ့အခွင့်အရေးစံနှုန်းများ၊ ယင်းတို့ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများ၏ အရေးပါပုံနှင့် တာဝန်ရှိမှုတို့ကို သိရှိနားလည်စေရန် အကြောင်းအရာများကိုဟောပြောပို့ချဆောင်ရွက်နိုင်ရေး၊ လူ့အခွင့်အရေး အသိပညာပေး စာရွက်စာတမ်းများ ပုံနှိပ်ဖြန့်ဝေရေးအတွက်နှစ်ဦးနှစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးမှုကို ၁၃:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့သည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ



ဩဂုတ်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေး ဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၁၁၊ ၁၁၂) တို့သို့ ၆-၈-၂၀၂၅ ရက်နေ့ ၀၉:၀၀ နာရီမှ ၁၁:၅၀ နာရီ အချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ဒုတိယ

ညွှန်ကြားရေးမှူးဒေါ်မိမိခိုင်ကကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၁၁၊ ၁၁၂) တို့၌ စုစုပေါင်း သင်တန်း သားအရာရှိ ၁၆၉ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ

### ဩဂုတ်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်း လမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင် ပါပန်းတိုင်၊ရည်မှန်းချက်များနှင့်အညီနှစ်အလိုက်လုပ်ငန်း စီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည် ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ်(၂၂၉)သို့ ၆-၈-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေး အခြေခံ အယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ ခြေလျင်တပ်ခွဲမှူးသင်တန်း (၂၂၉) ၌ စုစုပေါင်း သင်တန်းသား အရာရှိ ၉၂ ဦး တက် ရောက်ခဲ့ကြပါသည်။





## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ထောက်ပံ့ငွေအသုံးစရိတ်များတင်ပြတောင်းခံနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း

### ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ထောက်ပံ့ငွေ အသုံးစရိတ်များတင်ပြတောင်းခံနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့၊ ၁၅:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင်ကျင်းပရာ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ အလှည့်ကျကော်မတီဝင်များ ဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကို၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနခွဲမှ အရာထမ်းများ တက်ရောက်ကြပါသည်။

အစည်းအဝေးအစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက်ကော်မရှင်ရုံးစီမံရေးရာနှင့်ဘဏ္ဍာရေးဌာန၊ဌာနတာဝန်ခံက ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အတွက်ထောက်ပံ့အသုံးစရိတ်တင်ပြတောင်းခံနိုင်ရေး ဌာန(၆)ခုမှ တင်ပြထားသည့် အသုံးစရိတ်များအား စာရင်းခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေစာရင်း ခေါင်းစဉ်အလိုက် ဌာနများမှဝယ်ယူရမည့် ပစ္စည်းများ၊ ကုန်ကျမည့် ငွေစာရင်းခေါင်းစဉ်အလိုက် ဆုံးဖြတ်ချက်များအား လမ်းညွှန်မှုပြုခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ၁၆:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ဘဲလင်း(၁)ကုန်ထုတ်စခန်း၊ ဘဲလင်း(၂)ကုန်ထုတ်စခန်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာနှင့် ကျောက်ဆည်မြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဩဂုတ်လ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၂-၈-၂၀၂၅ ရက်နေ့ တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ဘဲလင်း (၁) ကုန်ထုတ်စခန်း၊ ဘဲလင်း (၂) ကုန်ထုတ်စခန်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာနှင့် ကျောက်ဆည်မြို့မရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့အား သက်ဆိုင်ရာကုန်ထုတ်စခန်းတာဝန်ခံများမှ အုပ်ချုပ်ထောက်ပံ့ ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြပါသည်။ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို စားရိပ်သာနှင့် ဓမ္မာရုံတို့တွင် စုစည်းတွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုလာရောက် တွေ့ဆုံနိုင်မှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာရေးကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အချိန်ပို အလုပ်ဆင်းစေမှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှင်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပါသည်။

ဆက်လက်၍အကျဉ်းသားများ၏အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုထောင်၊ရေသန့်စက်၊သုံးရေကန်များ၊အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေနှင့် အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လှူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်ကျောက်ဆည်မြို့မရဲစခန်းအချုပ်ခန်းအား ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်

ကာလအတွင်း ညှဉ်းပန်း နှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်းစားသောက်ရေးစီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုနှင့် မိလ္လာ သုံးစွဲမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့် ရရှိမှုအခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဩဂုတ်လ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်သည် ၂၂-၈-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးအတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှုမရှိစေရေး၊ကော်မရှင်ရုံးအတွင်းအဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ်(၂)၊ (၂)ထပ်ဆောင်နှင့် ဌာန(၆)ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဩဂုတ်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် (၈/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၇၄) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ “တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သောငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်” ခေါင်းစဉ်နှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောပို့ချ



သြဂုတ်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ရေးဆွဲ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း လည်းပါဝင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီက ကြီးမှူး၍ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ၁၁-၈-၂၀၂၅ ရက်နေ့နှင့် ၁၂-၈-၂၀၂၅ ရက်နေ့များ၌ “အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားနှင့် လူငယ်ဖိုရမ်” ကျင်းပပြုလုပ်ရာတွင် ပါဝင် ဆွေးနွေးမည့်လူငယ် (၄၅) ဦးအား ၈-၈-၂၀၂၅ ရက်နေ့ ၀၉:၀၀ နာရီအချိန်မှ ၁၂:၀၀ နာရီ အချိန်အထိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်တို့က အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပါသည်။ အဆိုပါဆွေးနွေးဟောပြောပွဲတွင် “တရားမျှတ သော အခွင့်အလမ်းများဖြင့် တည်တံ့သောငြိမ်းချမ်းရေးတည်ဆောက်မည့်တို့လူငယ်”ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များမှ ပန်းတိုင် ၁၀၊ ၁၆ တို့နှင့် ဆက်စပ်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်လူငယ်များကဆွေးနွေးဟောပြောခဲ့သည့်အကြောင်းအရာများအပေါ် လေ့လာမှတ်သားရသည့် အချက်များကို အဖွဲ့အလိုက် တစ်ဦးချင်း ပြန်လည်ဆွေးနွေးခဲ့ကြပြီး ဟောပြောဆွေးနွေးပွဲကို ၁၂:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

သြဂုတ်လ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေး ဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော ဥပဒေဘာသာရပ် (အထူး) သင်တန်းအမှတ်စဉ် (၄) သို့ ၂၂-၈-၂၀၂၅ ရက်နေ့တွင် ၁၃:၀၀ နာရီအချိန်မှ ၁၄:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၃ ဦး၊ စုစုပေါင်း သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာသွားရောက်ပို့ချ

သြဂုတ်လ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသော ရေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/ ၂၀၂၅) သို့ ၇-၈-၂၀၂၅ ရက်နေ့တွင် ၁၀:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၅၀ ဦး စုစုပေါင်း သင်တန်းသား ၉၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ နိုင်ငံအဆင့်အကြိုပြုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း




သြဂုတ်လ ၂၁ ရက်

Grand Amara Hotel၊ နေပြည်တော်၌ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ နိုင်ငံအဆင့် အကြိုပြုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့အောင် ပါဝင် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင် တက်ရောက်ခဲ့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက Online Platform မှတဆင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အကြိုပြုဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းရလဒ်တို့အား ရှင်းလင်းတင်ပြ


ခြင်း၊ အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) နှင့် စပ်လျဉ်း၍ ဒေသတွင်းလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်း၊ အာဆီယံမှတင်ပြဆွေးနွေးမှုများ အပေါ် ပြန်လည်ပေါင်းစည်း ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများအား ဆွေးနွေးခြင်း၊ RPA on EVAW Self-assessment survey ဆောင်ရွက်ထားရှိမှုအား တင်ပြခြင်း၊ New RPA on EVAW (၂၀၂၆-၂၀၃၅) တွင် ဦးစားပေး ဆောင်ရွက်ရမည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ RPA on EVAW (၂၀၂၆-၂၀၃၅) တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုတို့၏ ဆက်စပ်မှုများ ထည့်သွင်းနိုင်ရေး ဆွေးနွေးခြင်း၊ National Report တင်သွင်းနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ တင်ပြခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများနှင့် group discussion များ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲကို ညနေ ၁၈:၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## Microsoft Office Power Point 2019 သင်တန်းသို့ တက်ရောက်ခြင်း

ဩဂုတ်လ ၂၉ ရက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ ၂၅-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ Online ဖြင့် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် "Microsoft Office Power Point 2019" သင်တန်းသို့ ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်ခေါင် တက်ရောက်ခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာ၊သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း





ဩဂုတ်လ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း



သြဂုတ်လ ၂၈ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာ ချောင်ချိရေးအစီအစဉ်အဖြစ် ၆-၈-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီ တစ်ပိဿာလျှင် (၇,၃၀၀/-) ကျပ်နှုန်းဖြင့် (၂၀၆) ပိဿာ အားဝယ်ယူ၍လည်းကောင်း၊ ၂၈-၈-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၄၂) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၅,၀၀၀/- ကျပ်နှုန်း) ၊ ဧည့်မထ (၆၇) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၁၃,၅၀၀/- ကျပ်နှုန်း) အား ဝယ်ယူ၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ သြဂုတ်လအတွင်း တိုင်ကြားစာ (၅၈) စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၅) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၁၀) မှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၄) မှု ကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်ကြားချက် (၃၉) မှုကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက်ပြီး ဖြစ်ခြင်းကြောင့် လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန် ကျန်ရှိသည့်တိုင်ကြားစာ (၅) စောင်ရှိပါသည်။

SUSTAINABLE DEVELOPMENT GOALS

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ




**Goal (11) Sustainable Cities and Communities**

ပန်းတိုင် (၁၁) အားလုံး အကျုံးဝင်သော၊ ဘေးကင်းလုံခြုံမှုရှိသော၊ ကြံ့ခိုင်မှုရှိသော၊ ရေရှည်တည်တံ့နိုင်သော မြို့ပြများနှင့် လူနေရပ်ကွက်များ ထူထောင်ရေး။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

| | |
|---|---|
| ဇူလိုင် ၃၀ – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခြင်း၊ |
| ဩဂုတ် ၆ – | တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချခြင်း၊ |
| ဩဂုတ် ၆ – | တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချခြင်း၊ |
| ဩဂုတ် ၆ – | တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချခြင်း၊ |
| ဩဂုတ် ၇ – | အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာသွားရောက်ပို့ချခြင်း၊ |
| ဩဂုတ် ၈ – | ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး ကျင်းပခြင်း၊ |
| ဩဂုတ် ၈ – | ကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက် (Operational Plan – OP) ပါ အကောင်အထည်ဖော်ဆောင်ရွက်မှု အထူးအစည်းအဝေးပြုလုပ်ခြင်း၊ |
| ဩဂုတ် ၈ – | ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ “တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အသိပညာ ဟောပြောပို့ချခြင်း၊ |
| ဩဂုတ် ၁၂– | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ဘဲလင်း (၁) ကုန်ထုတ်စခန်း၊ ဘဲလင်း (၂) ကုန်ထုတ်စခန်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာနှင့် ကျောက်ဆည်မြို့မရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း၊ |
| ဩဂုတ် ၁၃– | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် International Non–Government Organization People’s Economics Alignment For Common Equity–Ingo PEACE. တို့တွေ့ဆုံ ဆွေးနွေးခြင်း၊ |
| ဩဂုတ် ၁၉– | ၂၀၂၅ လုပ်ငန်းစီမံချက် (Operational Plan) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်း၊ |
| ဩဂုတ် ၂၀– | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း၊ |
| ဩဂုတ် ၂၀– | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊ |
| ဩဂုတ် ၂၁– | အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း၊ |
| ဩဂုတ် ၂၂– | စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊ |
| ဩဂုတ် ၂၂– | ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ |
| ဩဂုတ် ၂၅– | ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ထောက်ပံ့ငွေအသုံးစရိတ်များ တင်ပြတောင်းခံနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ |
| ဩဂုတ် ၂၆– | ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ |
| ဩဂုတ် ၂၆– | ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ထောက်ပံ့ငွေအသုံးစရိတ်များ တင်ပြတောင်းခံနိုင်ရေး အထူးအစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ |
| ဩဂုတ် ၂၇– | ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊ |
| ဩဂုတ် ၂၈– | ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း။ |
| ဩဂုတ် ၂၉– | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာ၊သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း၊ |
| ဩဂုတ် ၂၉– | Microsoft Office PowerPoint 2019 သင်တန်းသို့ တက်ရောက်ခြင်း။ |

********

# ENGLISH SECTION

Vol. 4, No. 9, September 2025

## The Myanmar National Human Rights Commission inspects Hninzigon Home for the Aged

August 20

In accordance with Section 22 (e) and Section 43 of the Commission's Law, the inspection team led by the Chairperson U Paw Lwin Sein of the Myanmar National Human Rights Commission (MNHRC) conducted an inspection visit to the Hninzigon Home for the Aged, located in Bahan Township, Yangon Region on 20-8-2025 which operates under the supervision of the Department of Social Welfare, to examine whether the fundamental human rights of the elderly such as freedom and fairness were being implemented, and whether they were being cared humanely in line with the relevant international laws.

During the visit, the inspection team met with the elderly who were receiving medical care in the infirmary, as well as those observing religious practices at the Dhamma hall and assessed a range of conditions, including the provision of healthcare services, food and nutritional support, access to clean drinking and household water, freedom of religion and belief, and the overall hygiene and sanitation standards of dormitories, bathrooms, toilets, and kitchens. They also inquired arrangements for recreation and relaxation, the accessibility of pension payments for eligible residents, and the availability of social pension support for those aged 85 and above. Moreover, the team inquired about the measures taken for the enjoyment of secular benefits and transcendental merits for the elderly as well as arrangement for ease in mind and body of the elderly.

The team extended warm words of encouragement to the 127 elderly individuals residing at the facility.

The inspection team will send its findings and recommendations to the relevant department in accordance with Commission's law, for necessary action.

## MNHRC Conducts Human Rights Lecture at Myanmar Army Combat Force School (Bahtoo)

August 6

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission Law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

Dr. Than Myaint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office, addressed the lectures on human rights at the Battalion Commander Training Course No. (128, 129), hosted by the Myanmar Army Combat Force School (Bahtoo) on 6 August 2025 from 12:00 to 15:00 via Video Conferencing System. In this regard, the Commissioner focused the lecture on Concept of Human Rights, the Director covered lectures on the Universal Declaration of Human Rights, Nine Core Conventions and the Organization and Functions of Myanmar National

Human Rights Commission. A total of 181 army officers attended the aforementioned courses.

## MNHRC Delivers Lecture on Human Rights at Civil Service Academy (Lower Myanmar)

August 20

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Dr. Than Myint and U Tin Ko Ko, the Commissioners and Dr. Khine Khine Win, the Deputy Director General of the Commission office, addressed the lectures on human rights at the Senior Officials Course No. (27), which commenced at the Civil Service Academy (Lower Myanmar) on 20 August 2025 from 09:00 to 15:50. In this regard, the Commissioner Dr. Than Myint presented the lectures on Concept of Human Rights, Universal Declaration of Human Rights (UDHR), the Commissioner U Tin Ko Ko, covered lecture on the Organization and Functions of Myanmar National Human Rights Commission and the Deputy Director General Dr. Khine Khine Win covered subjects such as Paris Principles, the United Nation Human Rights Mechanism and Universal Periodic Review (UPR). A total of 46 senior officials including 24 female participants attended the aforementioned course. Afterwards the Commissioners and the Deputy Director General responded to inquiries from the trainees.

## Myanmar Army Combat Force School (Bayintnaung) Receives MNHRC Lecture on Human Rights

August 6

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office, presented the lectures on human rights at the Company Commander Training Course No. (111, 112), held at the Myanmar Army Combat Force School (Bayintnaung) on 6 August 2025 from 09:00 to 11:50 via Video Conferencing System. In this regard, the Commissioner covered the lecture on Concept of Human Rights, the Deputy Director addressed the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 169 army officers attended the aforementioned courses.

## Myanmar Army Combat Force School (Bahtoo) Delivers Lecture on Human Rights

August 6

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office, covered subjects such as human rights at the Company Commander Training Course No. (229), which commenced at the Myanmar Army Combat Force School (Bahtoo) on 6 August 2025 from 12:00 to 15:00 via Video Conferencing System. In this context, the Commissioner presented the lecture on Concept

of Human Rights, the Deputy Director focused the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 92 army officers attended the course mentioned above.

## MNHRC, Yangon Social Affairs Minister Convene for Talks

July 30

Dr. Than Myint, Dr. Myint Thu Myaing, and U Tin Ko Ko, the Commissioners of the Myanmar National Human Rights Commission, met with Minister for Social Affairs U Htay Aung, Vice Chairman of the Yangon Region Youth Affairs Committee, along with U Zaw Lwin Oo, Chairman of the Sports and Youth Affairs Support Committee, and subcommittee members. The meeting took place at the Yangon Region Government Office to discuss collaboration on youth affairs on 30 July 2025 from 12:30 to 13:30.

The meeting focused on the review of the Commission's main activities in promotion and protection human rights. The discussion included on potential future initiatives, such as conducting youth awareness training sessions and research programs in partnership with the Youth Affairs Committee. These initiatives are intended to educate young people about human rights standards, highlight the importance of their rights and responsibilities, and include lectures on related subjects. Furthermore, both sides agreed to collaborate on the printing and distribution of materials designed to raise human rights awareness.

## Meeting Between the International Non–Governmental Organization People's Economics Alignment for Common Equity – ingo PEACE. and the Myanmar National Human Rights Commission

August 13

On 13 August 2025 at 10:30 a.m., the Myanmar National Human Rights Commission (MNHRC) and the International Non–Governmental Organization People's Economics Alignment for Common Equity ingo PEACE. held a meeting in the Conference Room of the MNHRC Office.

On behalf of MNHRC, Chairperson U Paw Lwin Sein; members U Kyaw Soe, Dr. Than Myint, Dr. Myint Thu Myaing, U Tin Aung, U Win Hlaing Oo (also known as Ko Zamuun), and U Tin Ko Ko; as well as Secretary U Kyaw Naing attended the meeting. Representing ingo PEACE. were Founder Mr. Unten Eriya, Representative Director Mr. Khual Lian Kam, Human Resources Officer Dr. Ngon Zan Kyung, Legal Adviser U Kaung Thet Htoo Zaw, Secretary U Thein Toe Win, and Personal Secretary U Ko Ko Oo.

During the meeting, the chairperson and members of the MNHRC presented an overview of the commission's activities in relation to the promotion and protection of human rights. This included sharing information on ongoing initiatives and the Commission's role in safeguarding fundamental human rights within the country.

Following this, ingo PEACE. Founder Mr. Unten Eriya and Representative Director Mr. Khual Lian Kam engaged in discussions with MNHRC regarding potential areas for cooperation and focusing on opportunities to work together on human rights promotion and protection areas.

The meeting concluded at 12:40 p.m.

e-Newsletter, Vol. 4, No. 9, September 2025

# Myanmar National Human Rights Commission inspects Belin (1), Belin (2) Labour Camps in Sintgaing Township, as well as the Shwe Say Ti Home for the Aged and the Kyaukse Police Lock-up in Kyaukse Township, Mandalay Region

August 12

An inspection team led by the Commissioner of the Myanmar National Human Rights Commission, U Kyaw Myint, conducted the inspection of Belin (1), Belin (2) Labour Camps under the Department of Prisons in Sintgaing Township, as well as the Shwe Say Ti Home for the Aged and the Kyaukse Police Lock-up in Kyaukse township on 12 August 2025, in accordance with the Sections 43 and 44 of the Commission Law.

During the inspection, the responsible officials of each labour camp made presentation on administrative and logistical matters. The prisoners were gathered and met in the dining hall and the community hall. The inspection team assessed whether the prisoners had access to their fundamental rights, including an adequate food supply, access to healthcare, and provision of sufficient purified water. The team also inquired about the receipt of items issued by the prison and items sent by their family, as well as whether the prisoners were allowed family visits. Additionally, the team evaluated the conditions for physical activities, the right to freedom of religion, workplace safety measures and whether or not prisoners were required to work overtime, any instances of discrimination in the workplace and investigated any instances of human rights violations or torture in workplace.

Then the inspection team looked over the dormitories, the prison clinic, library, kitchen, dining hall, food warehouse, water purifiers, water sanitation system and the cleanliness of both internal and external sewage. Additionally, the MNHRC donated knowledgeable books for the benefit of the prisoners.

At Shwe Say Ti Home for the Aged, the inspection team met with elderly residents in their living quarters and assessed arrange of conditions, including the provision of healthcare services, food and nutritional support, access to clean drinking and household water, freedom of religion and belief, and the overall hygiene and sanitation standards of dormitories, bathrooms, toilets, and kitchens. The team also inquired about arrangements for recreation and relaxation, the accessibility of pension payments for eligible residents, and the availability of social pension support for those aged 85 and above.

At Kyaukse police Lock-up, the MNHRC team inspected the conditions of detainees during the remand period, whether any torture occurred during the investigation, and whether there were opportunities to meet with family members, as well as the arrangements for food provision during the court appearance period, the disposal of sewage, and the overall cleanliness of the facilities and whether the conditions of access to meet with family members and legal assistance during the court appearance period.

MNHRC will send recommendations to the relevant departments for necessary actions based on the findings during inspection.

## MNHRC Conducts Human Rights Lecture at Taungoo BSI Training School

August 22

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, the Deupty Director of the Commission office, covered the lectures on human rights at Law (Special) Course No. (4), hosted by the Investigation Training School (Taungoo) of Bureau of Special Investigation on 22 August 2025 from 13:00 to 14:50. In this context, the Deupty Director addressed the lecture on Human Rights Norms. The lecturer responded to their inquiries during the interactive session. A total of 19 trainees including 3 female personnel attended the course mentioned above.

## MNHRC Conducts a Coaching Session for Youth at the Youth Center, Yangon

August 8

The Myanmar National Human Rights Commission is working diligently to effectively implement the promotion and protection of human rights under Section 22 (a) of the Commission Law. In line with its strategic objectives, the Commission develops an annual operational plan based on its established framework to guide its efforts, and it also carries out human rights promotion and education activities in collaboration with civil society organizations.

Daw Mi Mi Khaing, Deputy Director, and U Kaung Khant Zin, Assistant Director of the Myanmar National Human Rights Commission Office, gave a guiding programme for the youths who will participate in the "International Youth Day Celebration and Youth Forum" with a title of 'We, the youth, will build lasting peace with fair opportunities' from the Human Rights perspective by covering the Universal Declaration of Human Rights, Constitution of the Republic of the Union of Myanmar (2008), and Sustainable Development Goals 10 and 16. The mentioned forum, which will be held on 11–8–2025 and 12–8–2025 at the Myanmar Convention Center (MCC) Hall on Mindhama Road, Mayangone Township, and be organized by Yangon Region Sports and Youth Affairs Support Committee with the lead of Yangon Region Youth Affairs Committee. The session was conducted on 8–8–2025, from 9:00 to 12:00 at the Youth Center in Thaketa township, Yangon Region. The participants, both in groups and individually, exchanged views on the key takeaways from the topics discussed and the insights they had noted. The lecture was concluded at 12:00 noon.

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)

August 7

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. U Kaung Khant Zin, the Assistant Director of the Commission office, presented the lectures on human rights at Administration Officer Grade (1) Training Course No. (1/2025), hosted by the Institute of Development Administration (Mingaladon) of General Administration Department on 7 August 2025 from 10:00 to 11:50. In this context, the Assistant Director focused the lectures on Human

Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 99 trainees including 50 female trainees attended the course mentioned above. Following the lectures, the lecturer accepted the questions from the trainees.

## Myanmar National Human Rights Commission attended the National seminar on ASEAN plan to eliminate violence against women

August 21

Daw Moht Moht Aung, Assistant Director of the Myanmar National Human Rights Commission (MNHRC) Office, attended the National seminar on ASEAN plan to eliminate violence against women held in Grand Amara Hotel, Naypyitaw on 21 August 2025.

Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, who is also Chairman of the Myanmar National Women's Committee, chairpersons of women's organizations, permanent secretaries, director generals, representatives from the Committee on the Elimination of Violence Against Women, as well as representatives from non-governmental organizations attended the seminar in-person. In addition, representatives from the ASEAN Secretariat participated via online platform.

At the meeting, participants discussed, a range of topics, including clarifying the objectives and expected outcomes of the seminar, presenting regional processes related to the ASEAN Regional Plan of Action on the Elimination of Violence Against Women (2016–2025), recapitulation of the discussions presented by ASEAN, reviewing Myanmar's achievements and challenges in implementing measures for the prevention of violence against women, presenting the status of the RPA on EVAW self-assessment survey, discussing priority areas of the new RPA on EVAW (2026–2035), deliberating on incorporating the linkages between violence against women and violence against children in the new RPA on EVAW (2026–2035), and presenting the preparation of the National Report and next steps. Group discussions were also conducted among participants.

The seminar concluded at 18:00 p.m.

## Status of Handling Complaints

During August 2025, MNHRC received 58 complaints. The complaint investigation team held 5 complaint screening meetings for examining the complaints and 10 complaints were referred to the departments concerned. In 4 cases, the complainants were advised on more appropriate remedies. The 39 cases were recorded in accordance with the MNHRC Law. 5 letters of complaints remain in August.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm